## ဓမ္မခန္ဓာ (၂၅) “စံ–ကျမ်းတော်” (အလ် ဖုရ်ကန်)

ဥာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၄၂။ သုတ်ဒေသနာ– ၇၇ ပါး။

ဦးဋ္ဌေးလွင်ဦး ပြန်ဆိုသည်။

بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –[၁း၁]

| | |
|---|---|
| ၁။ | تَبَارَكَ الَّذِي نَزَّلَ الْفُرْقَانَ عَلَى عَبْدِهِ لِيَكُونَ لِلْعَالَمِينَ نَذِيرًا ۞<br>လောကခပ်သိမ်းအတွက် သတိပေးသူ ဖြစ်စေခြင်းငှာ အရှင့်အမှုတော်ဆောင်၏ထံသို့ “စံ ကျမ်းတော်အား” ချမှတ်ပေးသည့် အရှင်သည် ကျက်သရေအပေါင်းနှင့် ပြည့်စုံတော်မူ၏။[၇၅၄] |
| ၂။ | الَّذِي لَهُ مُلْكُ السَّمَاوَاتِ وَالْأَرْضِ وَلَمْ يَتَّخِذْ وَلَدًا وَلَمْ يَكُن لَّهُ شَرِيكٌ فِي الْمُلْكِ وَخَلَقَ كُلَّ شَيْءٍ فَقَدَّرَهُ تَقْدِيرًا ۞<br>အရှင်သည် မိုးများနှင့် မြေကမ္ဘာ၏ အချုပ်အခြာ အာဏာအားပိုင်စိုးသော အရှင်ဖြစ်၏။ အရှင်၌ ကိုယ်ပွားထားခြင်း မရှိ၊ အရှင် သြဇာအာဏာ၌ ရောပြွမ်းပတ်သက်သူ ဟူ၍ မရှိ၊ အရှင်သည် ခပ်သိမ်းကုန်အား ဖြစ်တည်စေရာ၌ စည်းချိန်တကျ စည်းချိန်ချမှတ်တော်မူ၏။ |
| ၃။ | وَاتَّخَذُوا مِن دُونِهِ آلِهَةً لَّا يَخْلُقُونَ شَيْئًا وَهُمْ يُخْلَقُونَ وَلَا يَمْلِكُونَ لِأَنفُسِهِمْ ضَرًّا وَلَا نَفْعًا وَلَا يَمْلِكُونَ مَوْتًا وَلَا حَيَاةً وَلَا نُشُورًا ۞<br>တစ်စုံတစ်ရာကိုမှ ဖြစ်တည်ပေးနိုင်ခြင်း မရှိ၊ သူတို့ကိုယ်တိုင် ဖြစ်တည်ခံမျှသာ ဖြစ်သော၊ သူတို့၏ စရိုက်ကိုပင် ဆိုးကျိုး ကောင်းကျိုး မစိုးပိုင်နိုင်သော၊ အနိစ္စ၊ နိစ္စနှင့် ရှင်ပြန်နိုးကြရမည်ကို မစိုးပိုင်နိုင်သော အရာများကို အရှင်နှင့် ဂုဏ်ပြိုင်လျှက် ဘုရားဟူ၍ အယူထားနေကြကုန်၏။[၇၅၅] |
| ၄။ | وَقَالَ الَّذِينَ كَفَرُوا إِنْ هَذَا إِلَّا إِفْكٌ افْتَرَاهُ وَأَعَانَهُ عَلَيْهِ قَوْمٌ آخَرُونَ فَقَدْ جَاؤُوا ظُلْمًا وَزُورًا ۞<br>ဖုံးကွယ်သော သူတို့က “ဤသည် သူ ဖန်တီးသော လုပ်ဇာတ်မျှသာ ဖြစ်၏။ ထိုအတွက် အခြား လူမျိုးက သူအား ပံ့ပိုးကြ၏၊ သို့ဖြင့် အဝိဇ္ဇာတရားနှင့် သွေးဆောင်တရားကို သူတို့ ယူဆောင်ခဲ့ကြပြီ၊”ဟု ဆိုကြ၏။ |
| ၅။ | وَقَالُوا أَسَاطِيرُ الْأَوَّلِينَ اكْتَتَبَهَا فَهِيَ تُمْلَى عَلَيْهِ بُكْرَةً وَأَصِيلًا ۞<br>“သူ သိကုံးသော ရှေးဟောင်း ဒဏ္ဍာရီမျှသာ ဖြစ်၍ သူတို့က သူ့အား နေ့ညမပြတ် ရွတ်ဖတ်ပြ၏၊”ဟုလည်း ဆိုကြ၏။ |
| ၆။ | قُلْ أَنزَلَهُ الَّذِي يَعْلَمُ السِّرَّ فِي السَّمَاوَاتِ وَالْأَرْضِ إِنَّهُ كَانَ غَفُورًا رَّحِيمًا ۞ |

(၇၅၄) **အလ်ဖုးရ်ကန် الْفُرْقَانَ** “စံ ကျမ်းတော်” ဆိုသည်မှာ ကျမ်းမြတ်ကုရ်အံအား ခေါ်ဆိုသည့် အမည်နာမများအနက်မှ တစ်ခု ဖြစ်ပေသည်။ ကျမ်းတော်သည် အမှန်နှင့် အမှားကို ခွဲခြား ရှင်းလင်းပေးသော “စံ” ဖြစ်ပေသည်။ ဤစံကျမ်းတော်မှာ အာရဗ်များအတွက်သာ မဟုတ်ပေ။ ကိုယ်တော်မုဟမ္မဒ်သည်လည်း အာရဗ်လူမျိုးများအတွက်သာ ပွင့်ပေါ်သော လူမျိုးစု တစ်စု၊ သို့မဟုတ် တိုင်းဒေသ တစ်ခုအတွက် ပွင့်ပေါ်သော ဉာဏ်စဉ်တော်ဆောင်တစ်ပါး မဟုတ်ချေ၊ ကိုယ်တော်သည် လောကခပ်သိမ်းအား သတိပေါ်၊ သတိပေးသူအဖြစ် ပွင့်ပေါ်လာသော နောက်ဆုံးပွင့် ဉာဏ်စဉ်တော်ဆောင် ဖြစ်ကြောင်း ဤသုတ်တော်က ရှင်းလင်းစွာ ဆိုထားပေသည်။

(၇၅၅) သုတ်တော် ၂ နှင့် ၃ က သာသနာတစ်ခု အတွင်း အခြားသော ချဲ့ထွင်သည့် သူများအကြောင်းကို ဆိုထားပေသည်။

| | |
|---|---|
| | ဟောလော့ ''မိုးများနှင့် ကမ္ဘာအတွင်း လျှို့ဝှက်ချက်များကို သိနေတော်မူသော အရှင်က ၎င်းကို ချမှတ်ပေးခြင်းပင် ဖြစ်၏။ ကေန်ပင် အရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်တော်မူ၏။''[၇၅၆] |
| ၇။<br>☆<br>၂း၂၁၀ | وَقَالُوا مَالِ هَذَا الرَّسُولِ يَأْكُلُ الطَّعَامَ وَيَمْشِي فِي الْأَسْوَاقِ لَوْلَا أُنزِلَ إِلَيْهِ مَلَكٌ فَيَكُونَ مَعَهُ نَذِيرًا۞<br>သူတို့ ပြောကြသည်မှာ ''မည်သို့ ဥာဏ်စဉ်ဆောင် ဖြစ်လေသနည်း၊ အစားအစာကိုလည်း စား၏၊ ဈေးများ အတွင်း၌လည်း သွားလာ၏၊ သူနှင့်အတူ သတိပေးသူအဖြစ် သူထံသို့ အဘယ်ကြောင့် နတ်ဒေဝတာ☆ တစ်ပါးကို မစေစားလေသနည်း– |
| ၈။ | أَوْ يُلْقَى إِلَيْهِ كَنزٌ أَوْ تَكُونُ لَهُ جَنَّةٌ يَأْكُلُ مِنْهَا وَقَالَ الظَّالِمُونَ إِن تَتَّبِعُونَ إِلَّا رَجُلًا مَّسْحُورًا۞<br>သို့မဟုတ်၊ သူ့အတွက် အခင်းအကျင်း ရတနာများ၊ သူစားသုံးရန် နိဗ္ဗာန်ဥယျာဉ်ဘုံ တစ်ခု မရှိရလေခြင်း၊''ဟု ဖြစ်၏။[၇၅၇] အဝိဇ္ဇာကောင်များမှ ''သင်တို့သည် ပြုစားခံရသော လူ၏ နောက်သို့ လိုက်နေကြသည်သာ ဖြစ်၏။''ဟု ဆိုသူ ရှိ၏။ |
| ၉။ | انظُرْ كَيْفَ ضَرَبُوا لَكَ الْأَمْثَالَ فَضَلُّوا فَلَا يَسْتَطِيعُونَ سَبِيلًا۞<br>သင့်အား မည်သို့ ပမာဆောင် နည်းနာပြုကြသည်ကို စောင့်ကြည့်လော့၊ သူတို့မှာကား လမ်းလွဲသွားကြကုန်၏၊ လမ်းစဉ် တစ်ခုအား ရနိုင်မည် မဟုတ်ချေ။ |
| ၁၀။ | تَبَارَكَ الَّذِي إِن شَاءَ جَعَلَ لَكَ خَيْرًا مِّن ذَلِكَ جَنَّاتٍ تَجْرِي مِن تَحْتِهَا الْأَنْهَارُ وَيَجْعَل لَّكَ قُصُورًا۞<br>ကျက်သရေရှိတော်မူသောအရှင်သည် စံချိန်ပြည့်မှီသည့် အလျောက် ဤထက်ပို၍ ကောင်းမြတ်သော၊ အောက်ခင်း၌ စိမ့်စမ်းရေသွင် စီးဆင်းနေသော ဥယျာဉ်ဘုံကို သင့်အတွက် စီမံပေးတော်မူလတ္တံ့၊ သင့်အား ဘုံနန်းပြသဒ်များကို စီမံပေးလတ္တံ့။ |
| ၁၁။ | بَلْ كَذَّبُوا بِالسَّاعَةِ وَأَعْتَدْنَا لِمَن كَذَّبَ بِالسَّاعَةِ سَعِيرًا۞<br>အမှန်မှာ သူတို့သည် အချိန်နာရီအား ငြင်းဆန်ခြင်းသာ ဖြစ်၏။ အချိန်နာရီအား ငြင်းဆန်သော သူအတွက် ငါသည် ရှဲရှဲတောက်မီးလျှံကို ပြင်ဆင်ထားလေပြီ။ |
| ၁၂။ | إِذَا رَأَتْهُم مِّن مَّكَانٍ بَعِيدٍ سَمِعُوا لَهَا تَغَيُّظًا وَزَفِيرًا۞<br>၎င်းအား ဝေးသော အရပ်မှ မြင်ရလျှင်ပင် ပေါက်ကွဲသံ ဟိန်းသံကြီးကို ကြားရလေ၏။ |
| ၁၃။ | وَإِذَا أُلْقُوا مِنْهَا مَكَانًا ضَيِّقًا مُقَرَّنِينَ دَعَوْا هُنَالِكَ ثُبُورًا۞<br>သူတို့အား ထိပ်တုံးခတ်လျှက် အကျဉ်းထောင်၌ ချသောအခါ၊ ကြေကွဲနောင်တဖြင့် မိမိကိုယ်မိမိ အော်ဟစ်ကြ၏။ |

---

(၇၅၆)သုတ်တော် ၄၊ ၅ တွင် ကျမ်းတော်အား လူရေးကျမ်းသာ ဖြစ်သည်ဟု စွပ်စွဲမှုများကို ထောက်ပြပြီး ဤသုတ်တော် (၆)က ကျမ်းတော်သည် သူတို့စွပ်စွဲ သကဲ့သို့ မဟုတ် ကိုယ်တော့်အား သဗ္ဗညုတဉာဏ်စဉ် ကိန်းဝပ်ပေးခြင်းဖြင့်သာ ထိုဉာဏ်စဉ် ဓမ္မကို မှတ်တမ်းတင်ထားကြောင်းကို အခိုင်အမာ ဆိုထားပေသည်။ ကျမ်းတော်တွင် ဖေါ်ပြသော လောက၏ လျှို့ဝှက်ချက်များသည်ကား လေ့လာရှာဖွေ၍ မကုန်မခမ်းနိုင်ဖြစ်နေတော့သည်။ ခေတ်နောက်ကျသွားသည်၊ ယုတ္တိဗေဒနှင့် လွဲသွားသည်ဟူ၍ အလျှဉ်းမရှိချေ။

(၇၅၇) ကုရ်အံကျမ်းတော်သည် ယုတ္တိဗေဒ မရှိသော အရာများကို လူသားအား သင်ပေးခြင်း၊ မရှိချေ။ လောက၌ ပွင့်ပေါ်လေသမျှသော သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်တိုင်းသည် လူသားများသာ ဖြစ်၍၊ လူသားသည် လူသားတို့၏ လောကဓမ္မနိယာမ အတိုင်း လူသား သဘာဝကိုသာ ပိုင်ဆိုင်ကြောင်း ၂၅း၂၀ တွင် အတိအကျ ထောက်ပြထားပေသည်။ သို့သော် လူသားတို့သည် မိမိယုံကြည်သောသော ဉာဏ်စဉ်တော်ဆောင် တစ်ပါးပါးအား မဟာတန်ခိုးတော်များကို ပိုင်ဆိုင်စေလိုကြပေသည်။ သို့ဖြစ်၍ အစ္စလာမ်အလျှင် ပေါ်ပေါက်ခဲ့သော သာသနာများတွင် သူတို့ လက်ခံယုံကြည်သော ကိုယ်တော်များကို **ဝိသုဒ္ဓိနတ်မင်းကြီး** ဟုပင် ယုံကြည်ကြပေသည်။ ကျမ်းတော်က ထိုကဲ့သို့ ယုတ္တိမဲ့ ယုံကြည်ခြင်းကို တားမြစ်သောအားဖြင့် ဤသုတ်တော်မှ ကိုယ်တော်မုဟမ္မဒ်၏ လူသားပကတိ ဘဝကို သေသေချာချာ တင်ပြခြင်း ဖြစ်ပေသည်။ အစ္စလာမ် သာသနာတွင် ဉာဏ်စဉ်ဆိုသည်မှာ လူသားတစ်ဦး၏ မူပိုင် မဟုတ်ချေ၊ ပုဂ္ဂလိကပိုင်လည်း မဟုတ်ချေ။ လူသားသည် ဉာဏ်စဉ်ကို ဆွတ်ခူးခွင့်ရသူသာ ဖြစ်ပေသည်။ ထိုဉာဏ်စဉ်ကို ဆွတ်ခူးခွင့်ရသည့် အတွက် လူသား၏ ရုပ်သဘာဝ၊ ပြောင်းလဲ သွားခြင်း မရှိချေ။

| | |
|---|---|
| ၁၄။ | لَا تَدْعُوا الْيَوْمَ ثُبُورًا وَاحِدًا وَادْعُوا ثُبُورًا كَثِيرًا۞<br>ဤနေ့ကာလ၌ ကြေကွဲပျက်စီးမှု တစ်ခုအတွက် အော်မနေကြလင့်၊ ကြေကွဲပျက်စီးမှုများစွာ အတွက် အော်ဟစ်ကြလော့၊ |
| ၁၅။<br>☆<br>၂:၃၉ | قُلْ أَذَلِكَ خَيْرٌ أَمْ جَنَّةُ الْخُلْدِ الَّتِي وُعِدَ الْمُتَّقُونَ كَانَتْ لَهُمْ جَزَاء وَمَصِيرًا۞<br>ဟောလော့ "ဤသည် ပို၍ ကောင်းဘိသလော၊ သို့မဟုတ် စည်းစောင့်သူများအတွက် ကတိထားတော်မူသော ကာလမဲ့☆ ဥယျာဉ်ဘုံသည် ရှိ၏၊ ၎င်းသည် သူတို့အတွက် ဆုလဒ်နှင့် ပန်းတိုင်ပင် ဖြစ်၏။" |
| ၁၆။ | لَهُمْ فِيهَا مَا يَشَاؤُونَ خَالِدِينَ كَانَ عَلَى رَبِّكَ وَعْدًا مَسْؤُولًا۞<br>ထို၌ သူတို့အတွက် စံချိန်ပြည့်မီသည့်အလျှောက် ရှိ၍၊ ကာလမဲ့စံစားရမည်ပင်။ ၎င်းသည် တောင်းဆိုသူများအတွက် သင့်ကံကြမ္မာရှင်၏ ကတိ ဝတ္တရားပင် ဖြစ်၏။ |
| ၁၇။ | وَيَوْمَ يَحْشُرُهُمْ وَمَا يَعْبُدُونَ مِن دُونِ اللَّهِ فَيَقُولُ أَأَنتُمْ أَضْلَلْتُمْ عِبَادِي هَؤُلَاء أَمْ هُمْ ضَلُّوا السَّبِيلَ۞<br>သူတို့နှင့်၊ ပရမတ်ဘုရားရှင်အား တုပြိုင်လျက် သူတို့၏ကိုးကွယ်ရာများကို စုရုံးစေသော နေ့ကာလ၌၊ "ငါ့ အမှုဆောင် ထိုသူတို့အား သင်တို့က အပါယ်လမ်းသို့ ပို့သလော၊ သို့မဟုတ် သူတို့ကိုယ်သူတို့ အပါယ်လမ်းစဉ်ကို ရွေးကြသလော၊" ဟု မေးတော်မူလတ္တံ့။ |
| ၁၈။ | قَالُوا سُبْحَانَكَ مَا كَانَ يَنبَغِي لَنَا أَن نَّتَّخِذَ مِن دُونِكَ مِنْ أَوْلِيَاء وَلَكِن مَّتَّعْتَهُمْ وَآبَاءهُمْ حَتَّى نَسُوا الذِّكْرَ وَكَانُوا قَوْمًا بُورًا۞<br>သူတို့က "အရှင်သည် တုနှိုင်းမဲ့ ဖြစ်တော်မူပါ၏၊ အရှင့်အား တုပြိုင်လျက် ကွပ်ကဲသူများကို အယူထားရန် တပည့်တော်တို့ မရှာကြံခဲ့ပါ။ သို့ရာတွင် အရှင်သည် သူတို့နှင့် သူတို့၏ ဘဘိုးတို့အား သတိပေးတရားတော်ကို မေ့ပစ်သည်ထိ စိတ်ချမ်းသာမှုပေးခဲ့၍၊ သူတို့သည် ဆုံးပါးရသူတို့ ဖြစ်ရပါ၏၊"ဟု လျှောက်တင်ကြ၏။ |
| ၁၉။ | فَقَدْ كَذَّبُوكُم بِمَا تَقُولُونَ فَمَا تَسْتَطِيعُونَ صَرْفًا وَلَا نَصْرًا وَمَن يَظْلِم مِّنكُمْ نُذِقْهُ عَذَابًا كَبِيرًا۞<br>သင်တို့၏ ပြောဆိုမှု၌ပင် သင်တို့သည် မုချ ငြင်းဆန်နေကြပြီ။ သင်တို့၌ လွှဲရှောင်နိုင်စွမ်း၊ အကူအညီရနိုင်စွမ်း မရှိပြီ။ သင်တို့အနက်မှ အမိုက်သင့်သော သူအား ကြီးမားသော ဝဋ်ကြွေးဒဏ်ကို မြည်းစမ်းစေမည်ပင်။ |
| ၂၀။ | وَما أَرْسَلْنَا قَبْلَكَ مِنَ الْمُرْسَلِينَ إِلَّا إِنَّهُمْ لَيَأْكُلُونَ الطَّعَامَ وَيَمْشُونَ فِي الْأَسْوَاقِ وَجَعَلْنَا بَعْضَكُمْ لِبَعْضٍ فِتْنَةً أَتَصْبِرُونَ وَكَانَ رَبُّكَ بَصِيرًا۞<br>သင့်မတိုင်မီ ဉာဏ်စဉ်ဆောင်များကို သူတို့မှ အစားအသောက် မစားသော၊ ဈေးများအတွင်း သွားလာခြင်းမရှိသော သူဟူ၍ ငါ စေစားခဲ့ခြင်း မရှိချေ။ ငါသည် သင်တို့မှ တစ်ချို့ကို တစ်ချို့အားဖြင့် စုံးစမ်းတော်မူ၏။ သည်းခံတရား ရှိကြမည်မဟုတ်လော၊ သင့်ကံကြမ္မာရှင်သည် မြင်သိနေတော်မူသော အရှင် ဖြစ်၏။ |
| ၂၁။<br>☆<br>၂:၂၁၀ | وَقَالَ الَّذِينَ لَا يَرْجُونَ لِقَاءنَا لَوْلَا أُنزِلَ عَلَيْنَا الْمَلَائِكَةُ أَوْ نَرَى رَبَّنَا لَقَدِ اسْتَكْبَرُوا فِي أَنفُسِهِمْ وَعَتَوْ عُتُوًّا كَبِيرًا۞<br>ငါ့အား ဖူးတွေ့ရမည်ကို မမျှော်ကိုးသော သူက "ကျွန်ုပ်တို့ထံသို့ နတ်ဒေဝတာများကို☆ အဘယ်ကြောင့် မစေလွှတ်သနည်း၊ သို့မဟုတ် ကျွန်ုပ်တို့၏ ကံကြမ္မာရှင်အား အဘယ်ကြောင့် မမြင်ရလေသနည်း၊"ဟု ဆိုကြ၏။ မုချပင် သူတို့သည် မာနကြီးသော ဉာဉ်စရိုက်၌ ရှိ၍၊ ကြီးသော ရန်ထောင်မှုဖြင့် ရန်ထောင်၏။ |
| ၂၂။<br>☆ | يَوْمَ يَرَوْنَ الْمَلَائِكَةَ لَا بُشْرَى يَوْمَئِذٍ لِّلْمُجْرِمِينَ وَيَقُولُونَ حِجْرًا مَّحْجُورًا۞<br>နိမိတ်ဆောင်များကို☆ ဆုံတွေ့ရသော နေ့ကာလ၌ ရာဇဝတ်ကောင်များအတွက် ထိုနေ့တွင် သတင်းကောင်း မရှိချေ၊ |

| | |
|---|---|
| ၂း၃၀ | ထိုအခါ “ကာကွယ်သော အကာအကွယ်ကြီး ရှိပါစေ၊”ဟု ပြောဆိုကြ၏။[၇၅၈] |
| ၂၃။ | **وَقَدِمْنَا إِلَى مَا عَمِلُوا مِنْ عَمَلٍ فَجَعَلْنَاهُ هَبَاء مَّنثُورًا۞**<br>ထို့နောက် ငါသည် သူတို့ကျင့်ကြံခဲ့သော ကျင့်ကြံမှုဘက်သို့ ပြန်လှည့်တော်မူ၏။ သူတို့အား လေလွင့်သော ဖုံမှုန့်များ အဖြစ် စီရင်တော်မူအံ့။ |
| ၂၄။ | **أَصْحَابُ الْجَنَّةِ يَوْمَئِذٍ خَيْرٌ مُّسْتَقَرًّا وَأَحْسَنُ مَقِيلًا۞**<br>ထိုနေ့ကာလ၌ ဥယျာဉ်ဘုံ၏ ဝိုင်းတော်သားများသည် ကောင်းမြတ်သော ရိပ်သာများ၊ အကောင်းဆုံးသော တည်းခိုရာများကို ရရှိလတ္တံ့။ |
| ၂၅။ | **وَيَوْمَ تَشَقَّقُ السَّمَاء بِالْغَمَامِ وَنُزِّلَ الْمَلَائِكَةُ تَنزِيلًا۞**<br>ကောင်းကင်ယံသည် တိမ်ရိပ်များဖြင့် ပြိုကွဲပြန့်ထွက်၍၊ စေလွှတ်ခြင်းခံရသော နိမိတ်ဆောင်များကို စေစားသော နေ့ကာလ။[၇၅၉] |
| ၂၆။ | **الْمُلْكُ يَوْمَئِذٍ الْحَقُّ لِلرَّحْمَنِ وَكَانَ يَوْمًا عَلَى الْكَافِرِينَ عَسِيرًا۞**<br>ထိုနေ့ကာလတွင် အချုပ်အခြာအာဏာအား ကရုဏာတော်အရှင်သည် အစစ်အမှန် ပိုင်ဆိုင်၏။ ၎င်းသည် ဖုံးကွယ်သူတို့ အတွက် အကြပ်ရိုက်သော နေ့ကာလ ဖြစ်၏။ |
| ၂၇။ | **وَيَوْمَ يَعَضُّ الظَّالِمُ عَلَى يَدَيْهِ يَقُولُ يَا لَيْتَنِي اتَّخَذْتُ مَعَ الرَّسُولِ سَبِيلًا۞**<br>အမိုက်ကောင်သည် သူ့လက်ကို ရိုတ်ခတ်လျှက် ထို့နေ့ကာလ၌ ဆိုမည်မှာ “ကျွန်ုပ်များနယ်၊ ဉာဏ်စဉ်တော်ဆောင်၏ လမ်းစဉ်အား အယူထားခဲ့လျှင် တော်လေစွ၊ |
| ၂၈။ | **يَا وَيْلَتَى لَيْتَنِي لَمْ أَتَّخِذْ فُلَانًا خَلِيلًا۞**<br>ပျက်စီးခြင်းသည် ကျွန်ုပ်အား ပျက်စီးရလေပြီ၊ ဤသို့ သူ့အား ရောင်းရင်းအဖြစ် မယူခဲ့လျှင် ကောင်းလေစွ၊ |
| ၂၉။ | **لَقَدْ أَضَلَّنِي عَنِ الذِّكْرِ بَعْدَ إِذْ جَاءنِي وَكَانَ الشَّيْطَانُ لِلْإِنسَانِ خَذُولًا۞** |

---

**(၇၅၈)** ကျမ်းတော်ပါ **မလာအိကာဟ်** ဆိုသော ဝေါဟာရအား ဤဘာသာပြန်၌ “နတ်ဒေဝတာ” များဟု လည်းကောင်း၊ “နိမိတ်ဆောင်များ” ဟု လည်းကောင်း ပြန်ဆိုခြင်းကြောင့် ဝိဝါဒ မကွဲစေလိုပါ။ **နတ်ဒေဝတာ** ဟု ပြန်ဆိုတိုင်းတွင်၊ **မလာအိကာဟ်** အား နတ်ဒေဝတာ ဖြစ်သည်ဟု ခံစား ပြောဆိုသော မိရိုးဖလာအုပ်စု၏ စကားပြောဟန်ကို ကျမ်းတော်က ဖေါ်ပြပေသည်။ ဆိုလိုသည်မှာ **မလာအိကာဟ်** ဟူသည် **နတ်ဒေဝတာ** ဖြစ်သည်ဟု သူတို့၏ ရိုးရာစွဲဖြင့် ခံစားယုံကြည်မှုသာ ဖြစ်၍၊ ကျမ်းတော်က ရည်ရွယ်၊ ရည်ညွှန်းသော **မလာအိကာဟ်**၏ အနက်အဓိပ္ပါယ် မဟုတ်ချေ။ ကျမ်းတော်က ရည်ညွှန်းသမျှတွင် **မလာအိကာဟ်** ဆိုသည်မှာ လူသားစင်စစ်သာ ဖြစ်၍၊ သူသည် သာမန်လူများထက် ကိစ္စရပ်တစ်ခုတွင် ထူးချွန်စွာ တတ်မြောက်ထားသော တတ်သိပညာရှင်၊ သိပ္ပံပညာရှင်၊ စသည်ဖြင့် ပညာရှင်ကို ရည်ညွှန်းပေသည်။ သို့သော် သူသည် ဉာဏ်စဉ်တော်ဆောင်၊ သတင်းတော်ဆောင်များကဲ့သို့ အဆင့် မဟုတ်ချေ။ သတင်းတော်ဆောင်၊ ဉာဏ်စဉ်တော်ဆောင်များက သူတို့ထံသို့ ကိန်းဝပ်သိရှိသော ဉာဏ်စဉ်အသိအား တိုက်ရိုက်ဆင့်ပြန်ခြင်း ဖြစ်ပေသည်။ ထိုမလာအိကာဟ်တို့သည်ကား– ဉာဏ်စဉ်ကိန်းဝပ်ကောင်း ကိန်းဝပ်ခံရနိုင်သည်၊ သို့သော် များသောအားဖြင့် သူတို့၏ ရရှိသော ဉာဏ်စဉ်မှာ အရာတစ်ခုအား ရှေးဖြစ်၊ နောက်ဖြစ်များကို ချင့်ချိန်တွက်ဆ စဉ်းစားရာမှ အတွေ့ အကြုံများကို မှီ၍ သိလာသော ဉာဏ်စဉ်၊ လျှပ်တစ်ပြက် ဉာဏ်စဉ်မျိုးသာ ဖြစ်နိုင်သည်၊ များသော အားဖြင့် ရှေးဖြစ်အတွေ့အကြုံများကို အခြေခံကာ– နောက်ဖြစ်လာမည်များကို တွက်ဆနိုင်သော ပညာရှင်မျိုးသာ ဖြစ်ပေသည်။ မလာအိကာဟ်များကို စေစားသော ရည်ရွယ်ချက်ကို ၁၅း၈ တွင် လည်းကောင်း မလာအိကာဟ်များသည် လူသားများသာ ဖြစ်ကြောင်းကို ၂း၃၀၊ ၆း၉း ၈း၅၀ တွင်လည်းကောင်း၊ ရိုးရာယုံကြည်မှုအရ မလာအိကာဟ် ဆိုသည်ကို ၂း၂၁၀ တွင်လည်းကောင်း၊ အသက်နှုတ်သော မလာအိကာဟ်များကို ၄း၉၇၊ ၆း၉၃ တွင်လည်းကောင်း၊ သုခဘုံသို့ ရောက်သော မလာအိကာဟ်များကို ၁၃း၂၃ တွင်လည်းကောင်းတွေ့နိုင်ပေသည်။

**(၇၅၉)** ကောင်းကင်ယံ ပြိုကွဲခြင်း ဆိုသည်မှာ စစ်ကြီး ဖြစ်ခြင်းကို ရည်ညွှန်း၍၊ ထိုစစ်ပွဲနေ့တွင် မိုးတိမ်များ ပြိုကွဲပြန့်ထွက်ခြင်း ဆိုသည်မှာ လက်နက်ခဲယမ်းများကြောင့် ကောင်းကင်ယံထိ တုန်ဟီးခြင်းကို ဆိုလိုပေသည်၊ ကောင်းကင်ပြိုကွဲ၍၊ ထိုကောင်းကင်မှ မလာအိကာဟ်များ ဆင်းလာသည်ဟု လုံးဝ မဆိုလိုပေ။ မလာအိကာဟ်များသည် မိုးကောင်းကင်၌ နေသည်ဟူသည့် အယူသည် ကျမ်းတော်က သွန်သင်သော အယူမဟုတ်ချေ။ ရှေးသူဟောင်းတို့၏ ဒဏ္ဍာရီ အယူအဆသာလျှင် ဖြစ်ပေသည်၊ ၂း၂၁၀။

| | |
|---|---|
| | ကျွန်ုပ်ထံသို့ သတိပေးတရားတော် ရောက်ရှိလာပြီးမှ သူက ကျွန်ုပ်အား လမ်းလွဲစေခဲ့ပြီ၊ မကောင်းဆိုးဝါးသည် လူသားအား စွန့်ပစ်သွားလေ့ရှိသူ ဖြစ်သည်။” ဟူ၏။ |
| ၃၀။ | وَقَالَ الرَّسُولُ يَا رَبِّ إِنَّ قَوْمِي اتَّخَذُوا هَذَا الْقُرْآنَ مَهْجُورًا ۝<br>ဥဿဏ်စဉ်တော်ဆောင်က၊ “အို ကံကြမ္မာရှင်၊ တပည့်တော်၏ လူမျိုးသည် ဤကုရ်အာံကျမ်းအား ပစ်ပယ်သော အယူ၌ ရှိကြလေပြီ၊”ဟု ပြောဆိုလတ္တံ့။ |
| ၃၁။ | وَكَذَلِكَ جَعَلْنَا لِكُلِّ نَبِيٍّ عَدُوًّا مِّنَ الْمُجْرِمِينَ وَكَفَى بِرَبِّكَ هَادِيًا وَنَصِيرًا ۝<br>ဤသို့ ငါသည် သတင်းတော်ဆောင် ကိုယ်စီအတွက် ရာဇဝတ်ကောင်များမှ ပြိုင်ဘက်ကို စီမံတော်မူ၏။ သင့် ကံကြမ္မာရှင်သည် လမ်းညွှန်သောအရှင်၊ ကူညီသော အရှင်အဖြစ် လုံလောက်တော်မူ၏။ |
| ၃၂။ | وَقَالَ الَّذِينَ كَفَرُوا لَوْلَا نُزِّلَ عَلَيْهِ الْقُرْآنُ جُمْلَةً وَاحِدَةً كَذَلِكَ لِنُثَبِّتَ بِهِ فُؤَادَكَ وَرَتَّلْنَاهُ تَرْتِيلًا ۝<br>ဖုံးကွယ်သော သူများက “ကုရ်အာံကျမ်းအား အဘယ့်ကြောင့် ဝါကျတစ်ခုတည်း၊ တစ်ခါတည်း ချမှတ်မပေးသနည်း၊”ဟု ဆိုကြ၏။ ဤနည်းဖြင့်၊ ၎င်းအားဖြင့် သင့်အား စိတ်နှလုံးခိုင်စေ၏။ ၎င်းကို ကျနသော စီစဉ်ခြင်းဖြင့် ငါ စီစဉ်တော်မူ၏။[၇၆၀] |
| ၃၃။ | وَلَا يَأْتُونَكَ بِمَثَلٍ إِلَّا جِئْنَاكَ بِالْحَقِّ وَأَحْسَنَ تَفْسِيرًا ۝<br>သူတို့သည် သင့်အား ဥပမာဟူ၍ မတင်ပြနိုင်ချေ၊ ငါအရှင်က သင့်အား သစ္စာတရားနှင့် အကောင်းဆုံး အထကထာကို ပေးအပ်တော်မူပြီ။[၇၆၁] |
| ၃၄။ | الَّذِينَ يُحْشَرُونَ عَلَى وُجُوهِهِمْ إِلَى جَهَنَّمَ أُوْلَئِكَ شَرٌّ مَّكَانًا وَأَضَلُّ سَبِيلًا ۝<br>ငရဲဘုံသို့ မျက်နှာဇောက်ထိုး ဆွဲစုခံရသောသူ၊ ထိုသူတို့သည် အဆိုးဆုံး အခြေသို့ ဆိုက်ရလျက် လမ်းစဉ်တော်မှ လွဲချော်ရလေ၏။ |
| ၃၅။ | وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ وَجَعَلْنَا مَعَهُ أَخَاهُ هَارُونَ وَزِيرًا ۝<br>ငါသည် မုချပင် မူဆာအား ကျမ်းတော်ကို ချီးမြှင့်၍ သူ၏ သံတမန်အဖြစ် သူ့အစ်ကို ဟာရွန်အား ခန့်အပ်ပေး၏။ |
| ၃၆။<br>ငြင်းဆန်သူ | فَقُلْنَا اذْهَبَا إِلَى الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِنَا فَدَمَّرْنَاهُمْ تَدْمِيرًا ۝<br>ငါအရှင်က သူတို့အား “သင်တို့သည် ငါ၏ သုတ်ဒေသနာတော်များအား ငြင်းဆန်သော သူတို့ထံသို့ သွားကြလော့၊” ဟု ဆို၏။ သို့ဖြင့် **သူ**တို့အား ဖျက်သိမ်းခြင်း အတိဖြင့် ဖျက်သိမ်းတော်မူလိုက်၏။ |
| ၃၇။ | وَقَوْمَ نُوحٍ لَّمَّا كَذَّبُوا الرُّسُلَ أَغْرَقْنَاهُمْ وَجَعَلْنَاهُمْ لِلنَّاسِ آيَةً وَأَعْتَدْنَا لِلظَّالِمِينَ عَذَابًا أَلِيمًا ۝<br>နူးဟ်၏ လူမျိုးတို့၊ သူတို့သည် ဥဿဏ်စဉ်ဆောင်အား ငြင်းဆန်သောအခါ၊ သူတို့အား နစ်မြုပ်စေတော်မူ၍၊ လူသားတို့အတွက် သက်သေလက္ခဏာတစ်ရပ် ဖြစ်စေတော်မူ၏။ ငါသည် အဝိဇ္ဇာကောင်များအတွက် စူးနစ်သော ဝဋ်ကြွေးဒဏ်ကို အသင့်ပြင်ထားတော်မူ၏။ |
| ၃၈။ | وَعَادًا وَثَمُودَ وَأَصْحَابَ الرَّسِّ وَقُرُونًا بَيْنَ ذَلِكَ كَثِيرًا ۝<br>သမု–တ်၊ အာ့ဒ်နှင့် ရာ့ဆ်၏ အဖေါ်များနှင့်၊ ဤအကြားမှ များစွာသော မျိုးဆက်များ၊–။[၇၆၂] |

(၇၆၀) ဤသုတ်တော်ကို ထောက်၍ အစ္စလာမ်အား ပုတ်ခတ်ဝေဖန်သူများက ကျမ်းတော်သည် ကိုယ်တော်မုဟမ္မဒ်၏ လက်ထက်တော်၌ လက်ရှိ ကုရ်အာံစာအုပ်အဖြစ် စီစဉ်ခဲ့ခြင်း မရှိ၊ ဟိုတစ်စ ဒီတစ်ရွက် စာပိုဒ်များ အဖြစ်သာ ထားခဲ့သည်။ ထို့နောက် မုဟမ္မဒ်လွန် ခေတ်ကာလများတွင်မှ တပည့် တပန်းများက ကုရ်အာံကျမ်းအဖြစ် ပြန်လည် စီမံခြင်း ဖြစ်သည်ဟု စွပ်စွဲကြပေသည်။ ထိုစွပ်စွဲမှုမှာ လုံးဝ အခြေအမြစ်မရှိချေ။
(၇၆၁) ကုရ်အာံကျမ်းတော်သည် လောကနိယာမများအတွက် အကောင်းဆုံးသော အထကထာ အကျယ်ဖွင့်ကျမ်း (တက်ဖ်စီရ်) ဖြစ်ပေသည်။

| | |
|---|---|
| ၃၉။ | وَكُلًّا ضَرَبْنَا لَهُ الْأَمْثَالَ وَكُلًّا تَبَّرْنَا تَتْبِيرًا۝<br>သူတို့ကိုယ်စီအား ဥပမာပုံဖြင့် နည်းနာပြသော်လည်း၊ ကိုယ်စီကိုယ်င အပျက်ကြီး ပျက်ရခြင်းသို့ လိုက်ကြ၏။ |
| ၄၀။ | وَلَقَدْ أَتَوْا عَلَى الْقَرْيَةِ الَّتِي أُمْطِرَتْ مَطَرَ السَّوْءِ أَفَلَمْ يَكُونُوا يَرَوْنَهَا بَلْ كَانُوا لَا يَرْجُونَ نُشُورًا۝<br>သူတို့သည် အကုသိုလ် မိုးကြီးဖြင့် မိုးကြီးထိထားသော အရပ်ဒေသသို့ ဖြတ်သွားဘူးကြ၏။ ၎င်းကို သူတို့ မမြင်တတ်သလော၊ အမှန်မှာ သူတို့သည် ရှင်ပြန်နိုးကြားရမည်ကို မမြင်တတ်ခြင်းသာ ဖြစ်၏။ |
| ၄၁။ | وَإِذَا رَأَوْكَ إِن يَتَّخِذُونَكَ إِلَّا هُزُوًا أَهَذَا الَّذِي بَعَثَ اللَّهُ رَسُولًا۝<br>သူတို့သည် သင့်ကို တွေ့မြင်သောအခါ၊ "သူသည် ပရမတ်ဘုရားရှင်က ပွင့်ပေါ်စေသော ဉာဏ်စဉ်တော်ဆောင် ဆိုပဲ၊" ဟု လှောင်ပြောင်စရာ အဖြစ်သာ ယူမှတ်ကြ၍– |
| ၄၂။ | إِن كَادَ لَيُضِلُّنَا عَنْ آلِهَتِنَا لَوْلَا أَن صَبَرْنَا عَلَيْهَا وَسَوْفَ يَعْلَمُونَ حِينَ يَرَوْنَ الْعَذَابَ مَنْ أَضَلُّ سَبِيلًا۝<br>ကျွန်ုပ်တို့သာ ကျွန်ုပ်တို့၏ ဘုရားများအပေါ်၌ သဒ္ဓါသည်းစွာ မရှိခဲ့လျှင် သူသည် ကျွန်ုပ်တို့အား ထိုမှ လွဲချော်သွားစေမတတ်ပင် ဟု ဆို၏။ ဝဋ်ကြွေးဒဏ်အား မြင်ရချိန်၌ မည်သူသည် အပါယ်လမ်း၌ ရှိသည်ကို သူတို့ သိကြရလတ္တံ့။[၇၆၃] |
| ၄၃။ | أَرَأَيْتَ مَنِ اتَّخَذَ إِلَهَهُ هَوَاهُ أَفَأَنتَ تَكُونُ عَلَيْهِ وَكِيلًا۝<br>မိမိ၏ အတ္တအစွဲအား ဘုရားဟု အယူထားသည်ကို သင် ဆင်ခြင်မိသလော၊ သင်သည် သူတို့အား ကိုယ်စားလှယ် လွှဲအပ်မည်လော။ |
| ၄၄။<br>☆<br>၇:၁၇၉ | أَمْ تَحْسَبُ أَنَّ أَكْثَرَهُمْ يَسْمَعُونَ أَوْ يَعْقِلُونَ إِنْ هُمْ إِلَّا كَالْأَنْعَامِ بَلْ هُمْ أَضَلُّ سَبِيلًا۝<br>သူတို့မှ အများစုကြီးသည် ကြားနာနိုင်သည်၊ အတွေးအခေါ်ရှိကြသည်ဟု သင် ထင်မှတ်သလော၊ သူတို့သည် တိရိစ္ဆာန်ကဲ့သို့မျှသာ ဖြစ်၏။ အမှန်မှာ သူတို့သည် အပါယ် လမ်းစဉ်၌ ရှိကြ၏။☆ |
| ၄၅။ | أَلَمْ تَرَ إِلَى رَبِّكَ كَيْفَ مَدَّ الظِّلَّ وَلَوْ شَاءَ لَجَعَلَهُ سَاكِنًا ثُمَّ جَعَلْنَا الشَّمْسَ عَلَيْهِ دَلِيلًا۝<br>သင့်ကံကြမ္မာရှင်သည် အရိပ်အား မည်သို့ တိုးရွှေ့စေသည်ကို သင် မဆင်ခြင်မိသလော၊ စံချိန်ပြည့်ခဲ့လေသော် ငါသည် ၎င်းကို မြဲတည်စေနိုင်၏။[၇၆၄] ငါသည် နေကို ၎င်းအတွက် လမ်းကြောင်းဖြစ်စေတော်မူ၏။ |
| ၄၆။ | ثُمَّ قَبَضْنَاهُ إِلَيْنَا قَبْضًا يَسِيرًا۝<br>တဖန် ငါသည် ၎င်းကို ဖြေးဖြေးချင်း ဆွဲ– ဆွဲလာစေ၏။ |
| ၄၇။ | وَهُوَ الَّذِي جَعَلَ لَكُمُ اللَّيْلَ لِبَاسًا وَالنَّوْمَ سُبَاتًا وَجَعَلَ النَّهَارَ نُشُورًا۝<br>အရှင်သည် သင်တို့အတွက် ညကို အဝတ်တန်ဆာ အဖြစ်၊ အိပ်စက် နားနေဘို့ရာ အဖြစ် စီမံပေးတော်မူ၏။ နေ့ကို ရှင်ပြန်နိုးကြွဘို့ရာ စီမံပေးတော်မူ၏။ |

---

(၇၆၂) သမု–တ်နှင့် အာ့ဒ် လူမျိုးများအကြောင်းကို ၇:၆၅၊ ၇၄ တွင်ကြည့်ပါ။ ရာ့ဆ် လူမျိုးဆိုသည်မှာ ရေတွင်း၊ ရေကန် ပေါများရာ အရပ်မှ လူမျိုးကို ခေါ်ဆိုပေသည်။

(၇၆၃) အမှန်တရားကို ဆောင်သော စကားတစ်ခွန်း၏ ထိအားကို မည်သူမျှ မခံနိုင်ချေ။ အမှားတရားကို ဖက်တွယ်နေသူတို့သည် လူမျိုးရေး ဘာသာရေး စသော အကြောင်းပြ ခေါင်းစဉ်များကို ဖက်တွယ်နေသော်လည်း မှန်ကန်သော စကားအောက်၌ သူတို့သည် တုန်လှုပ်ရသည်ပင် ဖြစ်ပေသည်။ ဤကျမ်းတော်သည် ဖတ်သူတိုင်း၏ နှလုံးသားအား ကိုင်လှုပ်သည်သာ ဖြစ်ပေသည်။

(၇၆၄) အရိပ်ကို ရပ်ပစ်စေနိုင်သည်ဟူသည့် ဤနိယာမအား လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ က မသိခဲ့ကြချေ။ သို့သော် အရိပ်အား ရပ်တန့်ပစ်စေနိုင်သည့် စံချိန်သတ်မှတ်ချက်ကို ဖေါ်ထုတ်နိုင်သော ပညာရှင်များကြောင့် ဓါတ်ပုံ ပညာမှာ ပေါ်ထွန်းလာခဲ့ပေသည်။ ထို့နောက် အလင်းသည် အရိပ်၏ လမ်းညွှန်ဖြစ်သည် ဆိုသည့် နိယာမကို ဖေါ်ထုတ်နိုင်ပြန်သော အခါ၊ ထိုရပ်နေသော ဓါတ်ပုံအား ရုပ်ရှင်ရိုက်ကူးစက် ပညာ တီထွင်နိုင်ခဲ့ပြန်သည်။ သို့သော် ထိုပညာတို့အား အတိတ်သမိုင်းထဲ၌ အိပ်ပျော်နေသော မူဆလင် သာသနာ့ပညာရှင်များက တီထွင်ခဲ့ခြင်း မဟုတ်ခဲ့ချေ။

| | |
|---|---|
| ၄၈။ ☆ ၂:၁၉ | **وَهُوَ الَّذِي أَرْسَلَ الرِّيَاحَ بُشْرًا بَيْنَ يَدَيْ رَحْمَتِهِ وَأَنزَلْنَا مِنَ السَّمَاء مَاء طَهُورًا۞**<br>အရှင်သည် လေကို အရှင့် ကရုဏာ၏ ရှေ့မှောက်တွင် သတင်းကောင်း အဖြစ် စေစားတော်မူ၏။ ကောင်းကင်ယံမှ သန့်စင်သော ရေကို သွန်းရွာစေတော်မူ၏။☆ |
| ၄၉။ | **لِنُحْيِيَ بِهِ بَلْدَةً مَّيْتًا وَنُسْقِيَهُ مِمَّا خَلَقْنَا أَنْعَامًا وَأَنَاسِيَّ كَثِيرًا۞**<br>၎င်းဖြင့် သေနေသော မြေအား ရှင်သန်စေတော်မူ၏။ ၎င်းဖြင့် ငါ ဖြစ်တည်ပေးသည့် လူသား တိရိစ္ဆာန် များစွာတို့ကို သောက်သုံးစေရာ၏။ |
| ၅၀။ ဤ ကျမ်း | **وَلَقَدْ صَرَّفْنَاهُ بَيْنَهُمْ لِيَذَّكَّرُوا فَأَبَى أَكْثَرُ النَّاسِ إِلَّا كُفُورًا۞**<br>သူတို့သည် သတိရကောင်းအံ့သောငှာ ငါသည် **၎င်း**ကို သူတို့ကြား၌ ဖွင့်ဆိုပြတော်မူ၏၊ သို့သော် လူသား အများစုကြီးသည် ဖုံးကွယ်ခြင်းမှ အပ လျှစ်လျူရှုပစ်သည်သာ ဖြစ်၏။ |
| ၅၁။ ☆ ၂:၇၀ | **وَلَوْ شِئْنَا لَبَعَثْنَا فِي كُلِّ قَرْيَةٍ نَذِيرًا۞**<br>စံချိန်ပြည့်မှီခဲ့သည်ရှိသော်☆ အရပ်ဒေသကိုယ်စီတွင် သတိပေးသူ တစ်ဦးစီ ပွင့်ပေါ်စေတော်မူလတ္တံ့။ |
| ၅၂။ ကျမ်း တော် | **فَلَا تُطِعِ الْكَافِرِينَ وَجَاهِدْهُم بِهِ جِهَادًا كَبِيرًا۞**<br>ဖုံးကွယ်သူများကို မနာခံလင့်၊ သူတို့ကို ဆန့်ကျင်၍ **၎င်း**အားဖြင့်  ကြီးသော ရုန်းကန်မှုဖြင့် ရုန်းကန်လှုပ်ရှားကြလော့။[၇၆၅] |
| ၅၃။ | **وَهُوَ الَّذِي مَرَجَ الْبَحْرَيْنِ هَذَا عَذْبٌ فُرَاتٌ وَهَذَا مِلْحٌ أُجَاجٌ وَجَعَلَ بَيْنَهُمَا بَرْزَخًا وَحِجْرًا مَّحْجُورًا۞**<br>အရှင်သည် ပင်လယ်နှစ်ခုအား ပေါင်းစည်းစေကာ၊ ဤသည် သန့်သန့် ရေချိုဟူ၍ ဤသည် ငံတူးသော ဆားရေဟူ၍ ဖြစ်စေ၏။ အရှင်သည် ထိုနှစ်ခုကြား ရင်ချင်းကပ်လျှက် စည်းခြားခြင်းဖြင့် စည်းခြားနေရန် စီမံထားတော်မူ၏။[၇၆၆] |
| ၅၄။ | **وَهُوَ الَّذِي خَلَقَ مِنَ الْمَاء بَشَرًا فَجَعَلَهُ نَسَبًا وَصِهْرًا وَكَانَ رَبُّكَ قَدِيرًا۞**<br>အရှင်သည် လူသားကို ရေမှ ဖြစ်တည်စေတော်မူ၍၊ သွေးစပ် ဆွေမျိုးများ၊ အိမ်ထောင်စပ် ဆွေမျိုးများကို စီမံပေးတော်မူ၏။ သင့်ကံကြမ္မာရှင်သည် စည်းချိန်ချမှတ်တော်မူသော အရှင် ဖြစ်၏။ |
| ၅၅။ | **وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَا يَنفَعُهُمْ وَلَا يَضُرُّهُمْ وَكَانَ الْكَافِرُ عَلَى رَبِّهِ ظَهِيرًا۞**<br>သူတို့သည်ကား ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် သူတို့အား ကောင်းကျိုး ဆိုးပြစ် မပေးနိုင်ရာများကို ကိုးကွယ်ကြကုန်၏။ ဖုံးကွယ်သူသည် သူ၏ ကံကြမ္မာရှင်အား ဆန့်ကျင်ပုန်ကန်သူ ဖြစ်၏။ |
| ၅၆။ | **وَمَا أَرْسَلْنَاكَ إِلَّا مُبَشِّرًا وَنَذِيرًا۞**<br>ငါသည် သင့်အား သတင်းကောင်းဆောင်သူ သတိပေးသူ အဖြစ်ဖြင့်သာ စေစားတော်မူ၏။ |
| ၅၇။ | **قُلْ مَا أَسْأَلُكُمْ عَلَيْهِ مِنْ أَجْرٍ إِلَّا مَن شَاء أَن يَتَّخِذَ إِلَى رَبِّهِ سَبِيلًا۞**<br>ဟောလော့ "ပရမတ်ဘုရားရှင်၏ လမ်းစဉ်သို့ အယူထားရန် စံချိန်ပြည့်မှီစေခြင်းမှ အပ ထို့အတွက် သင်တို့ထံ၌ ကျွန်ုပ် |

---

(၇၆၅) ကျမ်းမြတ်ကုရ်အံအား နားလည်သော ဘာသာစကားဖြင့် လူထုလက်တွင်းသို့ အရောက်ပို့ဆောင်ခြင်း၊ ကျမ်းတော်ပါ နိယာမများ သီအိုရီများကို ဖေါ်ဆောင်ခြင်း၊ စူးစမ်းခြင်းများသည် အလွန်တရာ ကြီးမားသော ဂျီဟဒ်ခေါ် ရုန်းကန်လှုပ်ရှားမှုပင် ဖြစ်ပေသည်။

(၇၆၆) ပင်လယ်ပြင်ကြီးနှစ်ခုဆိုသည်မှာ ရေချိုများကို ကိုယ်စားပြုသော မိုးသားများ၊ ရေချိုမြစ်များ၊ ရေခဲပြင်များကို ကိုယ်စားပြု၍၊ ရေငံပင်လယ်ဆိုသည်မှာ အများစု သိမှတ်ပြီးသား ပင်လယ်ပြင်ပင် ဖြစ်ပေသည်။ သို့သော် ဤနေရာ၌ လူသားတို့၏ အကျင့်အကြံဆိုင်ရာ သမိုင်းရေစီးကြောင်းကိုလည်း ကိုယ်စားပြုပေသည်။ အချို့သော ကျင့်ကြံလှုပ်ရှားမှုများမှာ နောင်လာနောက်သားများ အတွက် စိတ်၏ သောက်သုံးနိုင်ဘွယ် ဖြစ်သော စိတ်ချမ်းသာခြင်း၊ အေငြိမ်းချမ်းများကို ပမာဆောင်၍ အခြား ရေငံပင်လယ်နှင့်တူသည့် ကိုယ်ကျင့်ဆိုင်ရာ လှုပ်ရှားမှုများမှာ နောင်လာနောက်သားများအတွက် မှီဝဲသောက်သုံးရန် အသုံးမဝင်နိုင်ခြင်းများကို ဆိုလိုပေသည်။

| | |
|---|---|
| | သည် အကျိုးဆုလဒ်ကို မတောင်းခံချေ။– |
| ၅၈။ | وَتَوَكَّلْ عَلَى الْحَيِّ الَّذِي لَا يَمُوتُ وَسَبِّحْ بِحَمْدِهِ وَكَفَى بِهِ بِذُنُوبِ عِبَادِهِ خَبِيرًا ۞<br>နိစ္စဓူဝ ဖြစ်သော မရဏတရား မလွှမ်းနိုင်သော အရှင့်ကိုသာ အကိုးထားကြလော့၊ အရှင့်အား ရည်သန်စူးစိုက် ဦးထိပ်ထားလော့၊ အရှင်သည် အမှုတော်ဆောင်များ၏ ကံကြေးများကို လုံလုံလောက်လောက် သတင်းသိနေတော်မူ၏။ |
| ၅၉။<br>☆<br>၁၀း၃ | الَّذِي خَلَقَ السَّمَاوَاتِ وَالْأَرْضَ وَمَا بَيْنَهُمَا فِي سِتَّةِ أَيَّامٍ ثُمَّ اسْتَوَى عَلَى الْعَرْشِ الرَّحْمَنُ فَاسْأَلْ بِهِ خَبِيرًا ۞<br>အရှင်သည် မိုးများနှင့် မြေကမ္ဘာ၊ ထိုနှစ်ခုကြား ရှိသည်များကို ကာလခြောက်ခုဖြင့် ဖြစ်တည်စေတော်မူ၏။ ထို့နောက် ထပ်ဆင့်ကွပ်ကဲမှုကို ပုံပေါ်စေတော်သော ကရုဏာရှင် ဖြစ်တော်မူ၏။☆ အရှင့်အကြောင်းကို သတင်းရသူများထံ၌ မေးမြန်းကြလော့။ |
| ၆၀။ | وَإِذَا قِيلَ لَهُمُ اسْجُدُوا لِلرَّحْمَنِ قَالُوا وَمَا الرَّحْمَنُ أَنَسْجُدُ لِمَا تَأْمُرُنَا وَزَادَهُمْ نُفُورًا ۞<br>သူတို့အား ကရုဏာတော်အရှင်ကိုသာ ဦးချရှိကျိုးကြရန် ပြောဆိုသောအခါ၊ ကရုဏာရှင်ဆိုသည်မှာ မည်သည့် အရာနည်း သင်၏ စီမံမိန့်အတိုင်း ကျွန်ုပ်တို့ ဦးချရှိကျိုးရမည်လော ဟု ပြန်ပြောကြ၏။ သို့ဖြင့် သူတို့သည် ပုန်ကန်ဆန့်ကျင်ခြင်းကိုသာ တိုးပွားကြလေ၏။ |
| ၆၁။ | تَبَارَكَ الَّذِي جَعَلَ فِي السَّمَاء بُرُوجًا وَجَعَلَ فِيهَا سِرَاجًا وَقَمَرًا مُّنِيرًا ۞<br>အာကာသ၌ ဂြိုလ်ကြယ်နက္ခတ်များကို စီမံတော်မူသော၊ ထိုအထဲ၌ နေဝန်းနှင့် အလင်းဟပ်ခံ လတို့ကို စီမံပေးသော အရှင်သည် ကျက်သရေအပေါင်း ခညောင်းသော အရှင် ဖြစ်၏။[၇၆၇] |
| ၆၂။ | وَهُوَ الَّذِي جَعَلَ اللَّيْلَ وَالنَّهَارَ خِلْفَةً لِّمَنْ أَرَادَ أَن يَذَّكَّرَ أَوْ أَرَادَ شُكُورًا ۞<br>သတိတရားရှိလိုသူ၊ ကျေးဇူးသိတတ်လိုသူများအတွက် အရှင်သည် နေ့နှင့် ညကို  တစ်လှည့်စီ စီမံထားတော်မူ၏။[၇၆၈] |
| ၆၃။ | وَعِبَادُ الرَّحْمَنِ الَّذِينَ يَمْشُونَ عَلَى الْأَرْضِ هَوْنًا وَإِذَا خَاطَبَهُمُ الْجَاهِلُونَ قَالُوا سَلَامًا ۞<br>ကရုဏာရှင်၏ အမှုတော်ဆောင်များသည် ကမ္ဘာပေါ်၌ တည်ငြိမ်စွာ သွားလာကြ၏။ ပညာမဲ့များက မိန့်ခွန်းပြောသော အခါ ငြိမ်းချမ်းပါစေဟု ပြောဆိုတုံ့ပြန်၏။ |
| ၆၄။ | وَالَّذِينَ يَبِيتُونَ لِرَبِّهِمْ سُجَّدًا وَقِيَامًا ۞<br>သူတို့သည် သူတို့၏ ကံကြမ္မာရှင်အား ဦးချလျှက်၊ ရပ်၍အဓိဋ္ဌာန်ပြုလျှက် ညကို ကျော်လွှန်စေကြ၏။ |
| ၆၅။ | وَالَّذِينَ يَقُولُونَ رَبَّنَا اصْرِفْ عَنَّا عَذَابَ جَهَنَّمَ إِنَّ عَذَابَهَا كَانَ غَرَامًا ۞<br>သူတို့က ဆုတောင်းကြသည်မှာ "အို ကံကြမ္မာရှင် ငရဲဘုံ၏ ဝဋ်ကြွေးမှ တပည့်တော်တို့အား ဖယ်ရှားစေတော်မူပါ၊ ကေန်ပင် ဝဋ်ကြွေးဒဏ်သည် သံသရာဆိုး ဖြစ်၏။ |
| ၆၆။ | إِنَّهَا سَاءتْ مُسْتَقَرًّا وَمُقَامًا ۞<br>၎င်းသည် အကုသိုလ် ခိုနားရာနှင့် ရပ်တည်ရာ ဖြစ်၏။ |

(၇၆၇) ကျွန်ုပ်တို့ ယခုမြင်နေရသော နေနှင့် လတို့သည်လည်း ကြယ်တာရာ အုပ်စုအတွင်းမှ အုပ်စုဝင်များသာ ဖြစ်ကြောင်း ကျမ်းတော်က လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀၀ ကပင် ပြောဆိုထားပေသည်။ ထို့ကြောင့် ဤကမ္ဘာဖြစ်တည်လာသော အခါတွင် ကမ္ဘာ၊ ထို့နောက် နေ။ လ များ ဖြစ်တည်လာသည်ဟူသော အယူအဆများကို ကျမ်းတော်က ဖော်ပြ သွန်သင်ခြင်း မရှိချေ။

(၇၆၈) ဤသုတ်တော်မှ ပြောသော နေ့နှင့်ည တစ်လှည့်စီ ဆိုသည်မှာ အမှားတရား ဦးဆောင်နေသော ည အမှောင်ခေတ် အစား နေ့အလင်းရောင် အလှည့်ရောက်လာမည်ဟု ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| ၆၇။ | **وَالَّذِينَ إِذَا أَنفَقُوا لَمْ يُسْرِفُوا وَلَمْ يَقْتُرُوا وَكَانَ بَيْنَ ذَٰلِكَ قَوَامًا ۞**<br>ပေးကမ်းသုံးစွဲသော အခါ ဖြုန်းတီးခြင်း၊ ကပ်စီးနဲလွန်းခြင်း မရှိဘဲ ထိုနှစ်ခုကြား အလယ်အလတ်လမ်း၌ ရှိသူတို့၊ |
| ၆၈။ | **وَالَّذِينَ لَا يَدْعُونَ مَعَ اللَّهِ إِلَٰهًا آخَرَ وَلَا يَقْتُلُونَ النَّفْسَ الَّتِي حَرَّمَ اللَّهُ إِلَّا بِالْحَقِّ وَلَا يَزْنُونَ وَمَن يَفْعَلْ ذَٰلِكَ يَلْقَ أَثَامًا ۞**<br>သူတို့သည် ပရမတ်ဘုရားရှင်နှင့်အတူ အခြားသော ဘုရားထား၍ ဆုတောင်းခြင်း မရှိကြ။ သစ္စာမဲ့အတွက်မှအပ ပရမတ်ဘုရားရှင်က တရားမဝင် ပြဋ္ဌာန်းသည့်အတိုင်း ဉာဉ်စရိုက်ကို မသတ်ဖြတ်ကြ၊ မေထုံဖေါက်ပြန်ခြင်းများ မရှိကြချေ။ ယင်းကို ကျင့်ကြံသူသည် တန်ပြန်သော မကောင်းမှုကို တွေ့ရလတ္တံ့။ |
| ၆၉။ | **يُضَاعَفْ لَهُ الْعَذَابُ يَوْمَ الْقِيَامَةِ وَيَخْلُدْ فِيهِ مُهَانًا ۞**<br>သူ့အတွက် မြဲမြံတည်တံ့သော နေ့ကာလ၌ ဆတိုးသော ဝဋ်ကြွေးသည် ရှိ၏။ ထို၌ အရှက်ကွဲ၍ ကာလမဲ့နေရလတ္တံ့။ |
| ၇၀။ | **إِلَّا مَن تَابَ وَآمَنَ وَعَمِلَ عَمَلًا صَالِحًا فَأُولَٰئِكَ يُبَدِّلُ اللَّهُ سَيِّئَاتِهِمْ حَسَنَاتٍ وَكَانَ اللَّهُ غَفُورًا رَّحِيمًا ۞**<br>သို့သော် ခဝါချလျှက် ယုံကြည်၍၊ ပြုပြင်ပြောင်းလဲသော အကျင့်ကို ကျင့်ကြံ၏၊ ထိုသူများအတွက် ပရမတ်ဘုရားရှင်သည် အကုသိုလ်များကို ကောင်းမှုသို့ ပြောင်းလွဲပေးတော်မူမည်ပင်၊ ကေပန်ပင် ပရမတ်ဘုရားရှင်သည် လွတ်ငြိမ်းစေသော အရှင်၊ အကြင်နာရှင် ဖြစ်တော်မူ၏။ |
| ၇၁။ | **وَمَن تَابَ وَعَمِلَ صَالِحًا فَإِنَّهُ يَتُوبُ إِلَى اللَّهِ مَتَابًا ۞**<br>ခဝါချလျှက် ပြုပြင်ပြောင်းလဲခြင်းကို ကျင့်ကြံသူ၊ ကေန်ပင် ထိုသူသည် ပရမတ်ဘုရားရှင်ထံသို့ ခဝါချသူ အဖြစ်ဖြင့် ခဝါချခြင်း ဖြစ်၏။ |
| ၇၂။ | **وَالَّذِينَ لَا يَشْهَدُونَ الزُّورَ وَإِذَا مَرُّوا بِاللَّغْوِ مَرُّوا كِرَامًا ۞**<br>သူတို့သည် လီဆယ် သက်သေလိုက်ခြင်းမရှိ၊ အပျော်အပါးနေရာများသို့ ဖြတ်သွားသော အခါ၊ ကျက်သရေရှိရှိ ဖြတ်သွားကြကုန်၏။ |
| ၇၃။ | **وَالَّذِينَ إِذَا ذُكِّرُوا بِآيَاتِ رَبِّهِمْ لَمْ يَخِرُّوا عَلَيْهَا صُمًّا وَعُمْيَانًا ۞**<br>သူတို့၏ ကံကြမ္မာရှင်ထံမှ သုတ်ဒေသနာများကို သတိဖေါ်ပေးသောအခါ၊ သူတို့သည် မကြား မမြင် ပစ်ပယ်သူများ မဟုတ်ချေ။ |
| ၇၄။ | **وَالَّذِينَ يَقُولُونَ رَبَّنَا هَبْ لَنَا مِنْ أَزْوَاجِنَا وَذُرِّيَّاتِنَا قُرَّةَ أَعْيُنٍ وَاجْعَلْنَا لِلْمُتَّقِينَ إِمَامًا ۞**<br>သူတို့က "အို ကံကြမ္မာရှင်၊ တပည့်တော်တို့၏ ပေါင်းဖေါ်များ၊ သားသမီးများဖြင့် တပည့်တော်တို့၏ မျက်ရှု ချမ်းမြေ့မှုကို ပေးတော်မူပါ၊ တပည့်တော်တို့အား စည်းစောင့်သူများအတွက် ရှေ့ဆောင်ရှေ့ရွက် ခန့်အပ်တော်မူပါ၊"ဟု ဆုတောင်း၏။ |
| ၇၅။ | **أُولَٰئِكَ يُجْزَوْنَ الْغُرْفَةَ بِمَا صَبَرُوا وَيُلَقَّوْنَ فِيهَا تَحِيَّةً وَسَلَامًا ۞**<br>သူတို့၏ ခန္တီပါရမီများကြောင့် အထက်ဘဝဂ်ဘုံကို ဆုချီးမြှင့်ခံရ၏။ ထို၌ ဖိတ်မန္တကပြုခြင်း၊ ငြိမ်းချမ်းစေခြင်းဖြင့် ခင်းကျင်းခံရလတ္တံ့။ |
| ၇၆။ | **خَالِدِينَ فِيهَا حَسُنَتْ مُسْتَقَرًّا وَمُقَامًا ۞**<br>ထို၌ ကာလမဲ့ စံစားရလတ္တံ့၊ ၎င်းသည် ကောင်းသော ခိုနားရာနှင့် ရပ်တည်ရာဘုံ ဖြစ်၏။ |
| ၇၇။ | **قُلْ مَا يَعْبَأُ بِكُمْ رَبِّي لَوْلَا دُعَاؤُكُمْ فَقَدْ كَذَّبْتُمْ فَسَوْفَ يَكُونُ لِزَامًا ۞** |

| | |
|---|---|
| | ဟောလေ့ “သင်တို့၏ ဆုတောင်းခြင်းသာ မရှိလျှင်၊ ကံကြမ္မာရှင်သည် သင်တို့အား အရေးတယူရှိမည်မဟုတ်၊ သို့သော် သင်တို့သည် မုချ ငြင်းဆန်ကြပြီ၊ ထိုအကျိုးဆက်ကြီးသက်ခံရလတ္တံ့။[၇၆၉] |

---

(၇၆၉) သုတ်တော် ၆၃ မှ စ၍ သူတော်ကောင်း အကျင့်တရားများကို ဖော်ပြ၍ ထိုလူများ ခံစားရမည့် အဆင့်များအား အာမခံထားမှုများ ဖြစ်ပေသည်။